# PRODEO ACADEMY

## **အီလက်ထရောနစ်သင်ကြားရေးနေ့များ**

Prodeo Academy သည် ရာသီဥတုဆိုးရွားသောနေ့များအတွက် အီလက်ထရောနစ်သင်ကြားရေးနေ့ရက်များကို သုံးပါမည်။ မင်နီဆိုးတားရှိကျောင်းများတွင် ကျောင်းဝင်းသို့လာရန် ဘေးမကင်းသောအခြေအနေများတွင် ကျောင်းသားများ ပညာဆက်သင်နိုင်ရန်အတွက် အီလက်ထရောနစ်သင်ကြားရေးစနစ်များကို ထည့်သွင်းလိုက်ပါသည်။ ၎င်းကျောင်းတက်ရက်များကြောင့် ပညာသင်နှစ်အဆုံးတွင် အချိန်ပိုတက်ရခြင်းများကိုလည်း လျှော့ချနိုင်ပါသည်။

### **အီလက်ထရောနစ်သင်ကြားရေးနေ့ဆိုတာဘာလဲ။**

အီလက်ထရောနစ်သင်ကြားရေးနေ့သည် ကျောင်းသားအတွက် အိမ်မှကျောင်းတက်ရသောနေ့ဖြစ်သည်။ ဆိုးရွားသောရာသီဥတုအစတွင် ကျွန်ုပ်တို့၏ ဆရာတစ်ဦးစီက ကျောင်းသားများအတွက် ကိုယ်တိုင်လေ့ကျင့်နိုင်သော သင်ခန်းစာများ အတွဲလိုက်ပေးပြီး အီလက်ထရောနစ်သင်ကြားရေးနေ့ တစ်နေ့တာအတွက် သင်ခန်းစာတစ်ခု အဆိုင်းမန့်ပေးခြင်းတို့ ပြုလုပ်ပါမည်။ သင့်ကလေး၏ တစ်နေ့တာသင်ခန်းစာများ အောင်မြင်စွာပြီးမြောက်နိုင်ရန်အတွက် ဆရာများနှင့် ကျောင်းဝန်ထမ်းများက အွန်လိုင်းနှင့်လည်းကောင်း ဖုန်းဆက်လျှင်ဖြေပေးရန်လည်းကောင်း အသင့်ရှိနေပါမည်။

### **အကြောင်းကြားခြင်း**

ပုံမှန်သင်ကြားချိန်မစမီ အနည်းဆုံး ၂ နာရီ ကြိုတင်ပြီး မိသားစုများကို အကြောင်းကြားပေးပါမည်။ သတင်းဌာနကြီးများ၊ လူမှုကွန်ရက်မီဒီယာ၊ ဖုန်းမက်ဆေ့(ချ်)နှင့် စက်ဖုန်းတို့ဖြင့် မိသားစုအားလုံးထံ အကြောင်းကြားပါမည်။ ကျောင်းတွင် မိသားစုဆက်သွယ်ရန်အချက်အလက်များကို နောက်ဆုံးအပ်ပဒိတ်လုပ်ထားကြောင်း သေချာပါစေ။

### **အီလက်ထရောနစ်သင်ကြားရေးနေ့ကို ဘယ်အချိန်ပြုလုပ်မလဲ**

Prodeo Academy သည် ရာသီဥတုဆိုးရွားသောဖြစ်ရပ်များအတွင်း ၅ ရက်အထိ သုံးပါမည်။ အဆိုပါဆုံးဖြတ်ချက်ချမှတ်ရာတွင် အောက်ပါကဏ္ဍများကို ထည့်သွင်းစဉ်းစားပါမည် -

- ရာသီဥတုရက်ဆက် ဆိုးရွားသောဖြစ်ရပ်များ
- မိသားစုများကို နံနက် ၅း၃၀ ခွဲမတိုင်မီ အကြောင်းကြားနိုင်စွမ်း
- ကျောင်းပိတ်ရန်လိုထားသောနေ့ရက်အရေအတွက်

### **ကျောင်းခေါ်ကြိမ်**

ကျောင်းသားအားလုံးသည် တစ်နေ့တာသင်ခန်းစာအတွဲကို ပုံမှန်ကျောင်းချိန် - နံနက် ၇း၃၅ - နေ့လယ် ၂း၂၀ အတွင်း အပြီးသတ်ရန်လိုပြီး ကျောင်းခေါ်ကြိမ်ကောက်ယူပါမည်။